iorCareer

# Mobile Application

# User Guide

# Language - Myanmar

## နိဒါန်း

iorCareer မိုဘိုင်းအက်ပ်သည် အလုပ်၊ အိမ်ခြံမြေ၊ သတင်းများ အလွယ်တကူ ရှာဖွေရန်၊ ကြည့်ရှုရန်နှင့် ပို့စ်များဖန်တီးရန်အတွက် အသုံးပြုရလွယ်ကူသော ပလက်ဖောင်းကို ပံ့ပိုးပေးပါသည်။ အသုံးပြုသူများသည် -

**အသုံးပြုရလွယ်ကူသောအလုပ်အကိုင်ကြော်ငြာပို့စ်တင်ခြင်းနှင့် အလုပ်လျှောက်ခြင်း**

အလုပ်ပို့စ်တင်သူများသည် အလုပ်အမျိုးအစားသုံးမျိုး (အထူးကျွမ်းကျင်မှု (Tokutei), အချိန်ပြည့်, အချိန်ပိုင်း) အတွက်
အလုပ်အခွင့်အလမ်းများကိုအလွယ်တကူကြော်ငြာနိုင်ပြီး၊အလုပ်လိုသူများသည် အက်ပ်မှတဆင့် တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

**လုံခြုံရေးမြှင့်တင်ခြင်း**

ခိုင်မာသောအသုံးပြုသူစိစစ်ခြင်းနှင့်အက်မင်အတည်ပြုချက်များဖြင့် စိစစ်အတည်ပြုထားသော ကြော်ငြာများကိုသာ မြင်တွေ့ရပါမည်။

**ပြည့်စုံသော ပရိုဖိုင်များ**

အလုပ်လိုချင်သူများသည် CV များတင်နိုင်ပြီး၊ လျှောက်ထားခဲ့သော အလုပ်များကို ပြန်၍ကြည့်နိုင်ကာ၊ မိမိတို့၏ ပရိုဖိုင်ကို အပ်ဒိတ်လုပ်နိုင်ပါသည်။

အလုပ်ပို့စ်တင်သူများကလည်း အလုပ်ကြော်ငြာများကို စီမံခန့်ခွဲနိုင်ပြီး၊ လျှောက်ထားသူများ၏ အသေးစိတ်အချက်အလက်များကို ကြည့်ရှုနိုင်ပါသည်။

**အကြောင်းအရာမျှဝေခြင်း**

အသုံးပြုသူများသည် အသိပညာမျှဝေခြင်းနှင့် အက်မင်အတည်ပြုချက်ဖြင့် အလုပ်၊ အိမ်ခြံမြေ၊ သတင်းကြော်ငြာများကို မျှဝေနိုင်ပြီး၊ ပိုမိုပြည့်စုံသော ပလက်ဖောင်းကို ဖန်တီးနိုင်ပါသည်။

**အချိန်နှင့်တစ်ပြေးညီ အသိပေးချက်များ**

အလုပ်ကြော်ငြာများ၊ လျှောက်ထားမှုအခြေအနေများနှင့် အခြားအကြောင်းအရာများအတွက် အသိပေးချက်များဖြင့် အမြဲအပ်ဒိတ်ရယူနိုင်ပါသည်။

## အသုံးပြုနိုင်မှု

iorCareer မိုဘိုင်းအက်ပ်သည်မိုဘိုင်းအမျိုးအစားအမျိုးမျိုး တွင် အလွယ်တကူအသုံးပြုနိုင်ရန် ပြုလုပ်ထားပါသည်။

- **Apple Devices**: iOS 13.0 သို့မဟုတ် 13 ထက်ကျော်သောဗားရှင်းများတွင် အသုံးပြုနိုင်ပါသည်။

- **Android Devices**: Android စမတ်ဖုန်း အများအပြားနှင့် ကိုက်ညီပါသည်။

## တပ်ဆင်ခြင်း

**Apple Phone များအတွက်**:

- App Store တွင် "iorCareer" ဟု ရှာဖွေပါ။အက်ပ်ကို Install လုပ်ပါ။

**Android Phone များအတွက်**:

- Google Play Store တွင် "iorCareer" ဟု ရှာဖွေပါ။အက်ပ်ကို Install လုပ်ပါ။

## ဘာသာစကား ရွေးချယ်ရန်

အက်ပ်ကို Install ပြီး ဝင်ရောက်သည့်အခါ၊ အသုံးပြုလိုသော ဘာသာစကားကို ပထမဆုံး ရွေးချယ်ပါ။

**မှတ်ချက်။** Setting တွင် သင်နှစ်သက်သော ဘာသာစကားကို အချိန်မရွေး ပြောင်းလဲနိုင်ပါသည်။



9:34
86
iorCareer
ဘာသာစကား ရွေးချယ်ပါ
Myanmar-မြန်မာ
Japanese - 日本語
English
ဆက်လက်လုပ်ဆောင်မည်

*ဘာသာစကား ရွေးချယ်ခြင်း*

# စာရင်းသွင်းရန်

## အကောင့်အသစ်ဖန်တီးပါ


အသုံးပြုသူအသစ်ဖြစ်ပါက "**အကောင့်အသစ်လုပ်မည်**" ကို နှိပ်၍ အီးမေးလ်နှင့် လျှို့ဝှက်နံပါတ် အပါအဝင်လိုအပ်သော အချက်အလက်များကို ဖြည့်စွက်ပါ။ပြီးနောက် **"စာရင်းသွင်းမည်"** ကိုနှိပ်ပါ။




*အကောင့်အသစ်ဖန်တီးခြင်း*

## Google ဖြင့် စာရင်းသွင်းပါ

Google အကောင့်ဖြင့် စာရင်းသွင်းလိုပါက **"Google ဖြင့် စာရင်းသွင်းပါ"** ကို နှိပ်၍ သင့် Google အကောင့်ဖြင့် စာရင်းသွင်းနိုင်ပါသည်။





*Google Account ဖြင့် စာရင်းသွင်းခြင်း*


**Guest user အဖြစ် ဆက်လက်ကြည့်ရှုပါ**

အကောင့်မရှိဘဲ ကြည့်ရှုလိုပါက "**အကောင့်မလုပ်ပဲဝင်မည်**" ကို ရွေးချယ်ပါ။ Guest user အဖြစ် သင့်အနေဖြင့် Feed, အလုပ်, အိမ်ခြံမြေ နှင့် သတင်း ပို့စ်များကို ကြည့်ရှုနိုင်ပါသည်။

**မှတ်ချက်။** ပို့စ်များ သိမ်းဆည်းခြင်း သို့မဟုတ် ဖန်တီးခြင်းကို လုပ်ရန် အကောင့်စာရင်းသွင်းရန်လိုအပ်ပါသည်။










*Guest User အဖြစ်ဝင်ရောက်ခြင်း*


## အကောင့်ထဲ ဝင်ရောက်ခြင်း

သင်သည် မိုဘိုင်းအက်ပ်၏ နောက်ဆုံးဗားရှင်းအတွက် စာရင်းသွင်းပြီးပါက၊ အီးမေးလ်နှင့် လျှို့ဝှက်နံပါတ်ကို ဖြည့်၍ ဝင်ရောက်ပါ။





*Sign Up လုပ်ပြီးသောအကောင့်ဖြင့် ဝင်ရောက်ခြင်း*


သင်သည် IOS ဖုန်းအသုံးပြုသူဖြစ်ပါက “Apple ဖြင့်စာရင်းသွင်းပါ” ကိုနှိပ်၍ Apple ID account ဖြင့်ဝင်ရောက်နိုင်ပါသည်။




*Apple ID အကောင့်ဖြင့်ဝင်ရောက်ခြင်း*

လျှို့ဝှက်နံပါတ်ကိုမေ့နေပါက “လျှို့ဝှက်နံပါတ်မေ့နေပါသလား” ကို နှိပ်ပြီး လျှို့ဝှက်နံပါတ်ကို ပြန်လည်သတ်မှတ်၍ အသစ်တစ်ခုဖန်တီးနိုင်ပါသည်။





11:11
အီးမေးလ် အတည်ပြုခြင်း
imiko9416@gmail.com သို့ပို့သော နံပါတ်6လုံး ကိုရိုက်ထည့်ပါ
အတည်ပြုနံပါတ်ကို ထပ်မံပို့ပါ
ဆက်လက်လုပ်ဆောင်မည်
1
2 ABC
3 DEF
4 GHI
5 JKL
6 MNO
7 PQRS
8 TUV
9 WXYZ
0

လျှို့ဝှက်နံပါတ်မေ့နေခြင်း


**<u>Feed</u>**

သင်တင်ထားသောပို့စ်များအပြင် အခြားသူများမှ တင်သွင်းထားသော အလုပ်၊ အိမ်ခြံမြေ၊ နှင့် သတင်းပို့စ်များကို ကြည့်ရှုနိုင်ပါသည်။





*Feed*

သင့်နှစ်သက်သော ပို့စ်များကို သိမ်းဆည်းရန် **"Save"** အိုင်ကွန်ကို နှိပ်ပါ။




သိမ်းမည်


အသိပေးချက်များနှင့် မက်ဆေ့ချ်များကို ကြည့်ရှုရန် **"Notification"** အိုင်ကွန်ကို နှိပ်ပါ။





*အသိပေးချက်များနှင့် မက်ဆေ့ချ်များ*

# အလုပ်များ

- **“+”** ခလုတ်ကို နှိပ်၍ အလုပ်ပို့စ် အသစ်တစ်ပုဒ် ဖန်တီးနိုင်ပါသည်။
- "**အလုပ်ပို့စ်တင်မည်**" စာမျက်နှာတွင် အလုပ်၏ အသေးစိတ်အချက်အလက်များကို ဖြည့်စွက်ပြီး “**အလုပ်ပို့စ်တင်မည်**” ခလုတ်ကို နှိပ်၍ဖန်တီးပါ။






*အလုပ်ပို့စ်တင်ခြင်း*


- သင်၏ အလုပ်ပို့စ်သည် အတည်ပြုခြင်း မပြီးဆုံးခင် **Review** အဆင့်တွင် ရှိနေပါမည်။

- **“Notification”** အိုင်ကွန်ကို နှိပ်ပြီး အသိပေးချက်များနှင့် မက်ဆေ့ချ်များကိုလည်း ကြည့်ရှုနိုင်ပါသည်။





*အသိပေးချက်များနှင့် မက်ဆေ့ချ်များ*

- **“Save”** အိုင်ကွန်ကို နှိပ်ပြီး သင့်နှစ်သက်သော အလုပ်ပို့စ်များကို သိမ်းဆည်းနိုင်ပါသည်။





*သိမ်းဆည်းထားသောပို့စ်*

- အလုပ်ပို့စ်တစ်ခုကို နှိပ်၍လည်း အသေးစိတ်အချက်အလက်များကို ကြည့်ရှုနိုင်ပါသည်။




*အလုပ်ပို့စ်အသေးစိတ်*


- သင့်အလုပ်ပို့စ်တွင် လျှောက်ထားသူများ၏ အရေအတွက်ကိုပို့စ်၏ အောက်ခြေညာဘက်စွန်းတွင် ကြည့်နိုင်ပါသည်။(ဥပမာ လျှောက်ထားသူ တစ်ယောက်ရှိပြီးပါက အောက်ခြေညာဘက်စွန်း box တွင် “1ယောက်” ဟုပြသနေမည်ဖြစ်သည်။)




*လျှောက်ထားသူဦးရေ*


- အခြားသူများမှ ပို့စ်တင်ထားသော အလုပ်များကို **"လျှောက်ထားမည်"** ခလုတ်ကို နှိပ်၍ လျှောက်ထားနိုင်ပါသည်။

**မှတ်ချက်**။ သင့်အကောင့်စာရင်းသွင်းရာတွင် CV ကို တင်ခဲ့မည်မဟုတ်ပါက၊ အလုပ်လျှောက်ထားစဉ်တွင် CV ကို တင်ရမည် ဖြစ်ပါသည်။CV မရှိလျှင်လည်း လျှောက်ထားနိုင်ပါသည်။





*လျှောက်ထားနိုင်သောအလုပ်*


- သင်လျှောက်ထားပြီးသား အလုပ်များမှာ **"လျှောက်ထားပြီး"** ဟု ဖြစ်နေပါလိမ့်မည်။





*လျှောက်ထားပြီးသောအလုပ်*

- **“အလုပ်အကိုင်ရှာဖွေပါ”** လုပ်ဆောင်ချက်ကို အသုံးပြုပြီး သတ်မှတ်ထားသော အလုပ်ပို့စ်များကို ရွေးချယ်ပြီး ရှာဖွေနိုင်ပါသည်။





2:53
Sale
အမျိုးအစားများ
အလုပ်အမျိုးအစား
Diamond.mon95 mon
26 Feb 2025
Sale Manager
Full-time
120,000 Yan
Krajcikmouth
လျှောက်ထားပြီး
Hnin
21 Feb 2025
Sale
Tokutei
5,000,000 Yan
South Evie
လျှောက်ထားမည်

အလုပ်အကိုင်ရှာဖွေခြင်း

# အိမ်ခြံမြေ

- **"+"** ခလုတ်ကို နှိပ်၍ အိမ်ခြံမြေ ပို့စ် အသစ်တစ်ပုဒ် ဖန်တီးနိုင်ပါသည်။
- **"အိမ်ခြံမြေပို့စ်တင်မည်"** စာမျက်နှာတွင် လိုအပ်သော အသေးစိတ်အချက်အလက်များကို ဖြည့်စွက်ပြီး **"အိမ်ခြံမြေပို့စ်တင်မည်"** ခလုတ်ကို နှိပ်၍ဖန်တီးပါ။


**မှတ်ချက်**။ အိမ်ခြံမြေ ပို့စ်များကို Super User အကောင့်များသာ ဖန်တီးရန် ခွင့်ပြုထားပါသည်။ သုံးစွဲသူပုံမှန်အကောင့်များသည် ဖန်တီးနိုင်မည်မဟုတ်ပါ။




*အိမ်ခြံမြေပို့စ်တင်ခြင်း*

- သင်၏ ပို့စ်သည် အတည်ပြုခြင်း မပြီးဆုံးခင် **Review** အဆင့်တွင် ရှိနေပါမည်။

- **"Notification"** အိုင်ကွန်ကို နှိပ်၍ အသိပေးချက်များနှင့် မက်ဆေ့ချ်များကို ကြည့်ရှုနိုင်ပါသည်။





*အသိပေးချက်များနှင့် မက်ဆေ့ချ်များ*

- **“Save”** အိုင်ကွန်ကို နှိပ်၍ သင့်နှစ်သက်သော အိမ်ခြံမြေ ပို့စ်များကို သိမ်းဆည်းနိုင်ပါသည်။





*သိမ်းဆည်းထားသောအိမ်ခြံမြေပို့စ်*

- အိမ်ခြံမြေပို့စ်တစ်ခုကို နှိပ်၍လည်း အသေးစိတ်အချက်အလက်များကို ကြည့်ရှုနိုင်ပါသည်။




*အိမ်ခြံမြေပို့စ်အသေးစိတ်*

- **“အိမ်ခြံမြေရှာဖွေပါ”** လုပ်ဆောင်ချက်ကို အသုံးပြုပြီး သတ်မှတ်ထားသော အိမ်ခြံမြေများကို ရှာဖွေနိုင်ပါသည်။





*အိမ်ခြံမြေရှာဖွေခြင်း*

## Snap


- **“+”** ခလုတ်ကို နှိပ်၍ သတင်းပို့စ် အသစ်တစ်ပုဒ် ဖန်တီးနိုင်ပါသည်။
- **"Snap ပို့စ်တင်မည်"** စာမျက်နှာတွင် လိုအပ်သော အသေးစိတ်အချက်အလက်များကို ဖြည့်စွက်ပြီး **“Snap ပို့စ်တင်မည်”** ခလုတ်ကို နှိပ်၍ဖန်တီးပါ။

**မှတ်ချက်။** Snapပို့စ်များကို Super User အကောင့်များသာ ဖန်တီးရန် ခွင့်ပြုထားပါသည်။ သုံးစွဲသူပုံမှန်အကောင့်များသည် ဖန်တီးနိုင်မည်မဟုတ်ပါ။





*Snap ပို့စ်တင်ခြင်း*

- သင်၏ ပို့စ်သည် အတည်ပြုခြင်း မပြီးဆုံးခင် **Review** အဆင့်တွင် ရှိနေပါမည်။
- **“Notification”** အိုင်ကွန်ကို နှိပ်၍ အသိပေးချက်များနှင့် မက်ဆေ့ချ်များကို ကြည့်ရှုနိုင်ပါသည်။





*အသိပေးချက်များနှင့် မက်ဆေ့ချ်များ*

- **"Save"** အိုင်ကွန်ကို နှိပ်၍ သင့်နှစ်သက်သော Snapပို့စ်များကို သိမ်းဆည်းပါ။





*သိမ်းဆည်းထားသော Snap ပို့စ်*

- Snap ပို့စ်တစ်ခုကို နှိပ်၍လည်း အသေးစိတ်အချက်အလက်များကို ကြည့်ရှုနိုင်ပါသည်။




*Snap ပို့စ်အသေးစိတ်*


- **“Snap ရှာဖွေပါ”** လုပ်ဆောင်ချက်ကို အသုံးပြုပြီး သတ်မှတ်ထားသော သတင်းများကို ရှာဖွေနိုင်ပါသည်။




*Snap ရှာဖွေခြင်း*


# ပရိုဖိုင်

သင့်ပရိုဖိုင်အသေးစိတ်သို့သွားပြီး အကောင့်၏ ပရိုဖိုင်ဓါတ်ပုံနှင့် ပရိုဖိုင်အမည်ကို အပ်ဒိတ်လုပ်နိုင်ပါသည်။




*ပရိုဖိုင်အသေးစိတ်*

သင့်ရဲ့အလုပ်၊ အိမ်ခြံမြေ သို့မဟုတ် သတင်းပို့စ်များကို ပြင်ဆင်လိုသော သို့မဟုတ် ဖျက်လိုသော သင့်၏ပို့စ်သို့ သွားပါ။ထို့နောက် ဖျက်ခြင်း၊ပြင်ဆင်ခြင်းများပြုလုပ်ရန် ပို့စ်၏ညာဘက်အပေါ်ထောင့်ရှိ လုပ်ဆောင်ချက်အိုင်ကွန်ကို နှိပ်ပါက ဖျက်ခြင်း၊ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်ပါသည်။






*ပြင်ဆင်ခြင်းနှင့်ဖျက်ခြင်း*

**မှတ်ချက်။** အက်မင်မှ အတည်ပြုပြီးသော ပို့စ်များကို ပြင်ဆင်ခြင်း သို့မဟုတ် ဖျက်ခြင်း မပြုလုပ်နိုင်ပါ။

# သိမ်းဆည်းထားသော ပို့စ်များ

**"သိမ်းဆည်းထားသော ပို့စ်များ"** ကဏ္ဍတွင်၊ သင်သိမ်းဆည်းထားသော နှင့် စိတ်ကြိုက်ရွေးချယ်ထားသော ပို့စ်များအားလုံးကို အလွယ်တကူဝင်ရောက်ကြည့်ရှုနိုင်ပါသည်။






5:12
98
သိမ်းဆည်းထားသောပို့စ်
အလုပ်အကိုင်
အိမ်ခြံမြေ
Snap
Zen
19 Mar 2025
ဂျပန်နိုင်ငံရှိအိမ်များတွင် အိမ်မွေးတိရစ္ဆာ...
ဒီနေ့ဆွေးနွေးမယ့်အကြောင်းအရာကတော့ အိမ်ခြံမြေနဲ့ပတ်သက်တဲ့ ခေါင်းစဉ်လေးဖြစ်ပါတယ်။ ကိုယ်က တိရစ္ဆာန်လေးတွေချစ်တတ်တယ်။ အိမ်...
5:14
97
သိမ်းဆည်းထားသောပို့စ်
အလုပ်အကိုင်
အိမ်ခြံမြေ
Snap
Sue Sue
24 Mar 2025
"Galaxy"
Let's talk about Milky Way quick facts:
– Galaxy type: Barred spiral.
– Age: 13.6 billion years (and counting)
Zen
07 Mar 2025

*သိမ်းဆည်းထားသော ပို့စ်များ*

# CV စီမံခန့်ခွဲမှု

**"CV စီမံခန့်ခွဲမှု"** ကဏ္ဍတွင်၊ သင်သည် မိမိ၏ CV ကိုတင်နိုင်ပြီး သို့မဟုတ် ဖိုင်အသစ်ကိုတွဲခြင်းဖြင့် ရှိပြီးသား CV ကို အပ်ဒိတ်လုပ်နိုင်ပါသည်။





5:14
97
CV စီမံခန့်ခွဲမှု
Test-CV-1743504279.9455.pdf
396.37 KB. 01 Apr,2025
ဖယ်မည်
CV အပ်ဒိတ်လုပ်မည်
သိမ်းမည်

*CV စီမံခန့်ခွဲမှု*

# လျှောက်ထားသော အလုပ်များ

**"လျှောက်ထားပြီးသော အလုပ်များ"** ကဏ္ဍတွင်၊ သင်လျှောက်ထားခဲ့သော အလုပ်များစာရင်းကို ကြည့်ရှုနိုင်ပါသည်။





*လျှောက်ထားသော အလုပ်များ*


## Super User အတွက် လျှောက်ထားခြင်း

**"Super User အတွက် လျှောက်ထားပါ"** ကဏ္ဍတွင်၊ သင့်ရဲ့ ပုံမှန်အသုံးပြုသူအကောင့်ကို Super User အကောင့်အဖြစ် အဆင့်မြှင့်တင်နိုင်ပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် သင့်အား အိမ်ခြံမြေပို့စ်များနှင့်သတင်းပို့စ်များဖန်တီးခြင်းကိုလုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။


**မှတ်ချက်။** Super User အကောင့်အတွက် လျှောက်ထားပြီးနောက်၊ သင့်လျှောက်လွှာသည် စိစစ်ခြင်းအဆင့်တွင် ရှိနေမည်ဖြစ်ပါသည်။ အက်မင်မှ အတည်ပြုချက်ရရှိပါက အကောင့်ကို Super User အကောင့်အဖြစ် အဆင့်မြှင့်တင်ပေးမည်ဖြစ်ပါသည်။




*Super User အား Facebook Account ဖြင့်လျှောက်ထားခြင်း*





*Super User အား Website ဖြင့်လျှောက်ထားခြင်း*




*Super User အတွက် လျှောက်ထားခြင်း*


Super user ဖြစ်ခဲ့ပြီးပါက Profile image တွင် Crown ပုံလေးအား မြင်တွေ့ရမည် ဖြစ်သည်။




*Super User ဖြစ်ပြီးသောအကောင့်*

# သတိပေးချက်


သတိပေးချက်များကို သင်ဆန္ဒအတိုင်း ဖွင့်/ပိတ်လုပ်နိုင်ပါသည်။ သတိပေးချက်များကိုဖွင့်ထားပါက သတိပေးချက်များ ဝင်ရောက်လာမည်ဖြစ်သော်လည်း ပိတ်ထားပါက သတိပေးချက်များ ဝင်ရောက်နိုင်မည်မဟုတ်ပါ။




*သတိပေးချက်*

# အကူအညီနှင့် ဆက်သွယ်ရန်

**"အကူအညီနှင့် ဆက်သွယ်ရန်"** ကဏ္ဍတွင်၊ သင့်အား အကူအညီ လိုအပ်ပါက၊ **"အကူအညီနှင့် ဆက်သွယ်ရန်"** ဖောင်ကို ဖြည့်စွက်ပြီး iorCareer ၏ Customer Support Team သို့ ပေးပို့ပါ။ ၎င်းတို့သည် သင့်ကို ဆက်လက်အကူအညီပေးရန် အဆင်သင့်ရှိပါသည်။






*အကူအညီနှင့် ဆက်သွယ်ရန်*

# အခြားအပြင်ဆင်များ

## ဘာသာစကား

**"ဘာသာစကား"** ကဏ္ဍတွင် သင်၏ ပလက်ဖောင်းကိုအသုံးပြုရန် သင်ကြိုက်နှစ်သက်သော ဘာသာစကားကို ရွေးချယ်ပြီး ပြောင်းလဲနိုင်ပါသည်။







ဘာသာစကား

# ကျွန်ုပ်တို့အကြောင်း


ဤနေရာတွင်၊ ကျွန်ုပ်တို့ကုမ္ပဏီအကြောင်း၊ ကျွန်ုပ်တို့၏ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များအကြောင်းကို ပိုမိုဖတ်ရှုနိုင်ပါသည်။ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် မည်သူများဖြစ်ကြောင်းနှင့် မည်သည့်ရည်ရွယ်ချက်များကို အကောင်အထည်ဖော်လိုကြောင်းကိုပိုမိုနားလည်သဘောပေါက်နိုင်မည်ဖြစ်ပါသည်။




*ကျွန်ုပ်တို့အကြောင်း*

# စည်းကမ်းနှင့် အခြေအနေများ


ကျွန်ုပ်တို့၏ ပလက်ဖောင်းကို အသုံးပြုရာတွင် လိုက်နာရမည့် စည်းကမ်းနှင့် အခြေအနေများကို နားလည်သဘောပေါက်ရန် ဤနေရာတွင် ကျွန်ုပ်တို့၏ စည်းကမ်းနှင့် အခြေအနေများကို အပြည့်အစုံဖတ်ရှုနိုင်ပါသည်။




*စည်းကမ်းနှင့် အခြေအနေများ*

# လျှို့ဝှက်နံပါတ်ပြောင်းရန်


လျှို့ဝှက်နံပါတ်ပြောင်းလိုပါက လျှို့ဝှက်နံပါတ်အဟောင်းနှင့် လျှို့ဝှက်နံပါတ်အသစ်ဖြည့်စွက်ပြီးနောက်အတည်ပြုလျှို့ဝှက်နံပါတ်အားရိုက်ထည့်ပြီး **"ဆက်လက်လုပ်ဆောင်မည်"** ခလုတ်အားနှိပ်၍ ပြောင်းလဲနိုင်ပါသည်။




*လျှို့ဝှက်နံပါတ်ပြောင်းခြင်း*

# အကောင့်ဖျက်မည်


အကယ်၍ သင့်အကောင့်ကို ဆက်လက်အသုံးမပြုလိုတော့ပါက၊ ဤနေရာတွင် အကောင့်ကို ဖျက်နိုင်ပါသည်။အကောင့်ဖျက်ရန် သေချာပါက **“ဖျက်မည်”** ကိုနှိပ်၍ မဖျက်လိုပါက **“မဖျက်တော့ပါ”** ကိုနှိပ်ရပါမည်။




*အကောင့်ဖျက်ခြင်း*

## အကောင့်မှထွက်မည်


သင့်အကောင့်မှ ထွက်ရန် “**အကောင့်မှထွက်မည်**” ခလုတ်ကို နှိပ်ပါ။ထို့နောက် အကောင့်မှထွက်ရန်သေချာပါက **“ထွက်မည်”** ခလုတ်ကိုနှိပ်ပါ။မထွက်လိုပါက **“ပယ်ဖျက်မည်”** ကိုနှိပ်ရပါမည်။




*အကောင့်မှထွက်ခြင်း*

# အသုံးပြုသူလမ်းညွှန်

ပလက်ဖောင်း၏ အင်္ဂါရပ်များကို အသုံးပြုရာတွင် လမ်းညွှန်မှုရယူနိုင်ရန်နှင့် အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် ဤနေရာတွင် အပြည့်အစုံသုံးစွဲသူလမ်းညွှန်ကို ဖတ်ရှုနိုင်ပါသည်။




*အသုံးပြုသူလမ်းညွှန်*